mgyoe.com
SAMPLE BOOK

# ဂိုဆယ်လာ မယ်ရှင့်



mgyoe.com

mgyoe.com

SAMPLE BOOK



ရိုးသယ်လား မယ်လွင်၊ 3500/-

4 472682 670066

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | - ပဥ္စမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်။ |
| | - စတုတ္ထအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ်။ |
| | - တတိယအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၂၀ ပြည့်နှစ်။ |
| | - ဒုတိယအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။ (နှစ်ကာလများစာပေ) |
| | - ပထမအကြိမ်၊ မတ်လ၊ ၂၀၁၈ ခုနှစ်၊ (နှစ်ကာလများစာပေ) |
| ထုတ်ဝေသူ | - ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) |
| နှိပ်သူ | - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆) အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - မာဏ |
| စာစစ် | - ဇလပ်နီ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၃၅၀၀ ကျပ် |

၈၀၈.၈၄

မယ်လွင့်

ROSELLA

မယ်လွင့်၊ - ရန်ကုန်။

တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၂။

စာ-၁၂၂၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) ROSELLA


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | ချိုပိန်းနောင်၏ အမှာစာ | ၉ |
| | မယ်လွင့်အတွက် မမှာချင်လို့ ရေးတဲ့စာ (စစ်ငြိမ်း) | ၁၅ |
| ၁။ | စွဲမက်ရပါသော ရှိဆယ်လာ | ၁၉ |
| ၂။ | ယစ်မူး တပ်မက်ရပါသော ရှိဆယ်လာ | ၂၃ |
| ၃။ | အိပ်မက်နှင့် တူသော ရှိဆယ်လာ | ၃၁ |
| ၄။ | မြတ်နိုး ကိုးကွယ်ရပါသော ရှိဆယ်လာ | ၄၁ |
| ၅။ | သိမ်မွေ့ နက်နဲသော ရှိဆယ်လာ | ၅၁ |
| ၆။ | သိမ်မွေ့ ရက်စက်သော ရှိဆယ်လာ | ၆၁ |
| ၇။ | ခွဲမသွားပါနဲ့ ရှိဆယ်လာ | ၇၇ |
| ၈။ | မြို့ကလေးရဲ့ တနင်္ဂနွေ | ၉၅ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

မယ်လွင့်အား ကျွန်မ သိသည်မှာ မကြာလှသေး။ လွန်ခဲ့သော တလခန့်က ကဗျာဆရာ (ကို) စစ်ငြိမ်းက မယ်လွင့်နှင့် ကျွန်မကို မိတ်ဆက်ပေးသည်။ မိတ်ဆက် မပေးခင် ကိုစစ်ငြိမ်းက မယ်လွင့်နှင့် ပတ်သက်ပြီး စကားပလ္လင် ခံသည်။ သူ(မ)၏ ပထမဆုံး လုံးချင်းစာအုပ်တွင် ကျွန်မ၏ အမှာစာ လိုချင်သည်တဲ့။ ကျွန်မက မယ်လွင့်နှင့် ပတ်သက်ပြီး ကိုစစ်ငြိမ်းကို မေးတော့ ကိုစစ်ငြိမ်းက သည်စာအုပ်သည် မယ်လွင့်၏ ပထမဆုံးလုံးချင်း ဆိုသော်လည်း အရင်ကတည်းက ဇာတ်ညွှန်းတွေ ရေးသူဟု ဆိုသည်။ ယခုနောက်ပိုင်း ရုပ်ရှင်၊ ဗီဒီယိုတွေ ကျွန်မ မကြည့်ဖြစ်သဖြင့် သူမ၏ လက်ရာကို ကျွန်မ မသိ။ ကျွန်မ၏ စိုးရိမ်မှုများကို ကိုစစ်ငြိမ်းကလည်း ရိပ်မိပုံပေါ်သည်။ လူချင်းတွေ့ပြီး စကား အရင်ပြောကြည့်ပါ။ ဖတ်ရသွက်သော အရေးအသား ဖြစ်သော်လည်း စိုးရိမ်စရာ အနေအထား မဟုတ်ဟု သူက အခိုင်အမာ ဆိုသည်။



mgyoe.com

mgyoe.com
SAMPLE BOOK


ထို့ကြောင့် မယ်လွင့်နှင့် ကိုယ်တိုင် လူချင်းတွေ့ပါရစေဟု ကျွန်မ တောင်းဆိုလိုက်သည်။ မယ်လွင့်က တညနေမှာ စာမူဖိုင်တွဲလေးနှင့် သူမ၏ အမျိုးသားကို အဖော်ခေါ်ကာ ကျွန်မအိမ်သို့ ရောက်လာသည်။ မယ်လွင့်နှင့် စကားပြောကြည့်ရင်း သူမ၏ စာဖတ်အားကို အနည်းငယ် ခန့်မှန်းမိသည်။ မယ်လွင့်က စာမူကို ဖတ်ကြည့်ပါ။ ဖတ်ကြည့်ပြီး သဘောမတွေ့လျှင်၊ အမှာစာ မရေးချင်လျှင်လည်း ရပါသည်ဟု ဆိုသည်။ မယ်လွင့် ပြန်သွားတော့ သူမ၏ စာမူကို ကျွန်မ ဖတ်ကြည့်သည်။

လုံးချင်းဟု ဆိုသော်လည်း စာမူကလေးက တကယ့်ပါးပါးကလေး၊ 'ရှိဆယ်လာ' ဟု အမည်တပ်ထားသော အမျိုးသမီးတယောက်ကို ကျွန်မ စတွေ့သည်။ ရှိဆယ်လာနှင့် ဇာတ်ကြောင်းပြောသူ အမျိုးသားအကြောင်း ဖတ်နေရင်း ကင်မီလီကို ကျွန်မ မြင်ယောင်မိသည်။ မေကို ကျွန်မ မြင်ယောင်မိသည်။ တကယ်ကတော့ မေနှင့် ကင်မီလီတို့ထက် မေနှင့် ကင်မီလီတို့ လက်အောက် မှောက်မှားစွာ ဝင်သွားခဲ့မိသော အမျိုးသားများကို ကျွန်မ မြင်ယောင်မိသည်ဆိုလျှင် ပိုမှန်ပါမည်။

ရှိဆယ်လာသည် နီဖျဉ်းဖျဉ်း မိန်းကလေး ဖြစ်သည်။ အပျော်မက်သော၊ အစစအရာရာအပေါ် သံယောဇဉ်နှင့် ကရုဏာ မထားတတ်သော မိန်းကလေး ဖြစ်သည်။ နှုတ်ခမ်းနီကို စွဲမယ်ဖွယ်ဖြစ်အောင် အစဉ်သဖြင့် ဆိုးတတ်သူ၊ စိတ်ကို လေအလျင်လို လွှင့်ပစ်တတ်သော မိန်းကလေး ဖြစ်သည်။ ရှိဆယ်လာသည် တိမ်းမူးဖွယ်ကောင်းသည်။

လေလိုရောက်လာပြီး လေလို ပြန်ထွက်သွားတတ်သော တစ္ဆေသဏ္ဍာန် မိန်းကလေး ဖြစ်သည်။ လူ့ဘောင်စည်းကမ်းများ၊


mgyoe.com

mgyoe.com
SAMPLE BOOK


ကျင့်ဝတ်များ၊ ပုံစံတကျပတ်ဝန်းကျင် စသည်တို့မှ သွေခွာနေသော မိန်းကလေးဖြစ်သည်။

ရိုဆယ်လာကို တီထွင်သူ မယ်လွင့်သည် အကြောင်းအရာ သမား ဖြစ်သည်။ အရေးအသားသမား မဟုတ်။ သို့မဟုတ် အရေးအသားသမား မဟုတ်သေး။ လူ့ယဉ်ကျေးမှု ပတ်ဝန်းကျင်နှင့် သွေဖည်နေသော ရိုဆယ်လာကို တီထွင်ရာတွင် သူမ၏ အားထုတ်မှုများကို ကျွန်မ တွေ့ရသည်။ သူမ၏ ရိုဆယ်လာ ဖန်တီးမှုတွင် ကျွန်မ မျောပါရသည်။ လိုက်မောရသည်။ မိန်းမချင်းပင် တွေ့ဆုံချင်စိတ် ကျွန်မမှာ ဖြစ်ရသည်။ ရိုဆယ်လာနှင့် တွေ့ခဲ့ရသော အမျိုးသားသည် ခဏတာအားဖြင့် ကံကောင်းခြင်း၊ သို့မဟုတ် တသက်စာအားဖြင့် ရူးသွပ်ခြင်းကို ဖြစ်ပေါ်ခဲ့သည်။ တိမ်းမူးဖွယ်ကောင်းသော ရိုဆယ်လာကို အမြင်အားဖြင့်ပင် ကျွန်မ တွေ့ဆုံဖူးလိုခဲ့လျှင် ယခုရိုဆယ်လာနှင့် တိုက်ရိုက်တွေ့ဆုံခဲ့ရသော အမျိုးသားအဖို့ မည်သို့ ဖြစ်နိုင်မည်နည်း။ ကျွန်မလည်း တောင်တောင်အီအီ ရူးသွပ်သွားနိုင်ပါသည်။

ရိုဆယ်လာကို စာ အခုမှ စဖတ်မည် (ဖြစ်သည်) ဆိုလျှင်ဖြင့် မဖတ်စေလိုပါ။ အရိုင်းလေးတယောက်အဖို့ နွေခင်းပူပူတွင် ရမ်အစစ်တပက်ကို ရေမရောဘဲ သောက်ရသကဲ့သို့ ဖြစ်စေသောကြောင့် ဖြစ်ပါသည်။ ရိုဆယ်လာအပေါ် ကျွန်မ နှစ်ပျော်မိသလို ရှင်တို့လည်း ရိုဆယ်လာ့အပေါ် တစုံတခုတော့ ခံစားကြရပါလိမ့်မည်။ များစွာသော သမားရိုးကျ အမှာစာများလို စာရေးဆရာမ မယ်လွင့်အပေါ် ကောင်းပါသည်၊ တော်ပါသည် စသဖြင့်တော့ အလုံးစုံ အာမခံနိုင်မည် မဟုတ်ပေ။ သို့သော်ငြား တစုံတယောက်က ကျွန်မအား 'သည်စာအုပ်ကို ဖတ်ရသည့်အတွက် မည်သို့စိတ် ဖြစ်ပါသနည်း' ဟု မေးလာခဲ့သော် ဥပမာ မြစ်ကမ်းပါးနား


mgyoe.com

mgyoe.com
SAMPLE BOOK


တွင် ထိုင်နေစဉ် မျှောလာသော တစုံတရာကို သစ်တုံးထင်ကာ 'ဟာ… ဟိုမှာ မိကျောင်းကြီး' ဟု အော်နောက်လိုက်ရင်းက တကယ်ပင် မိကျောင်းကြီး ဖြစ်နေသလိုဟု ပြန်ဖြေလိုပါသည်။ အဓိပ္ပာယ် ရုတ်တရက် ဖော်မရ ဖြစ်သွားပါသလား။ ကျွန်မလည်း အဓိပ္ပာယ် မဖော်တတ်ခဲ့ ရင်းက ရှိဆယ်လာကို မြင်တွေ့ခဲ့ရပါသည်။

မယ်လွင့် … … …

ကျွန်မလည်း စာဖတ်အား များစွာ လိုသေးသကဲ့သို့ မယ်လွင့် သည်လည်း စာဖတ်အား ဆက်တိုက် ဆက်လိုနေဦးမည် ဖြစ်ပါသည်။ ယခုနှစ် အနည်းငယ်အတွင်း လူငယ်များ ယခင် ခြောက်နှစ်၊ ခုနစ်နှစ် လောက်ကထက် ပိုပြီး စာဖတ်အား သန်လာကြပါသည်။ အစဉ်အလာ သဘောအတွင်းမှ စာအုပ်စာပေများကို ဖတ်ရှုသူများ ရှိသလို အစဉ် အလာကို ရုန်းကန်လာသော စာအုပ်စာပေများကို လိုက်လှဲစွာ ကြိုဆို ဖတ်ရှုကြသော လူငယ်များကိုလည်း များစွာ တွေ့လာရသည်။ 'အလိမ္မာ စာမှာရှိ' ဟူသော စကားသည် စာတိုင်းကိုတော့ ဆိုလိုဟန် မတူ။ အထူး သဖြင့် စာဖတ်သူသည် အစဉ်အလာအားဖြင့် ဖြစ်ပေါ်လာသော စာအုပ် စာပေများကိုသာ နှစ်ခြိုက်သူ ဖြစ်ပါမူ ရှိဆယ်လာနှင့် မထိတွေ့မိစေရန် ကျွန်မ ဆိုချင်ပါသည်။ မယ်လွင့်သည် အစဉ်အလာကို ဖောက်ထွက်လာ သော၊ ပြသလိုသော အကြောင်းအရာကို ထင်ရှားအောင် ပြတတ်သော အမျိုးသမီးလူငယ် စာရေးဆရာမ (အသစ်) တဦး ဖြစ်သည်။ ထိုသို့ ကျွန်မ ဆိုသောကြောင့် အစဉ်အလာကို အမြဲတစေ တမင်တကာ ဖောက်ထွက်နေတတ်သော အရိုင်းအစိုင်းမလေး တဦးဟု မယ်လွင့်ကို မမြင်စေလိုပါ။ ဖန်တီးလိုက်သော စာပေနှင့် ဖန်တီးသူတို့ အကြားတွင် လူတိုင်း မသိနိုင်သော ကွဲပြားခြားနားချက်များ ရှိနေနိုင်သည်ကိုလည်း


mgyoe.com

mgyoe.com
SAMPLE BOOK


သတိပြုစေလိုပါသည်။

မြန်မာနိုင်ငံတွင် အစဉ်အလာကို ဖောက်ထွက်နိုင်သော လူငယ် အမျိုးသမီး စာရေးဆရာများ နည်းပါးလွန်းပါသေးသည်။ အစဉ်အလာမှ ကွဲထွက်လာသော ပုံစံသစ်များကို ကျွန်မ စိတ်ဝင်စားပါသည်။ ကျွန်မ သည်လည်း လူငယ်များထဲမှ လူငယ်တဦးပင် ဖြစ်သောကြောင့် ယခု ခေတ် ကျွန်မတို့နိုင်ငံ အနေအထားနှင့် လူငယ်အများစုသည်လည်း ကျွန်မကဲ့သို့ စိတ်ဝင်စားကြလိမ့်မည်ဟု ကျွန်မ ထင်မိပါသည်။ ထိုသို့ ဆိုသောကြောင့်လည်း အစဉ်အလာကို ဖောက်ထွက်တိုင်း စိတ်ဝင်စား ပါသလော၊ အစဉ်အလာကို ဖောက်ထွက်တိုင်း ကောင်းသည်မည်၏ လောဟု မမေးကြ၊ မထင်ကြစေလိုပါ။ အစဉ်အလာမှ ဖောက်ထွက်တိုင်း လည်း အနုပညာ မမည်ပါ။ အရာရာတိုင်းသည် ကိုယ့်ခံယူချက်နှင့် ကိုယ်သာလျှင် နေထိုင်နေကြခြင်း ဖြစ်ပါသည်။ ကောင်းသည်၊ မကောင်း သည်ကို ကျွန်မ မဝေဖန်လိုပါ။ အနည်းဆုံးတော့ မယ်လွှင့်သည် နောင်နှစ် နှစ်ဆယ် သို့မဟုတ် နှစ်သုံးဆယ် သူမ ကျန်ခဲ့လိမ့်မည်ဟု ကျွန်မ မျှော်လင့်နေပါသည်။

မယ်လွှင့်နှင့် ကျွန်မ အရေးအသားပိုင်းရော အကြောင်းအရာ ပိုင်းပါ ကိုင်တွယ်ပုံ တခုမှ မတူညီကြပါ။ တူညီသည်က တချက်တည်း ရှိပါသည်။

ကျွန်မတို့ ဘာမက်ဆေ့ချ်မှ မပေးပါ။

*ချစ်ခြင်းဖြင့်...*
*ချိုပိန်းနောင် (စာရေးသူ)*
*၂၁၊ ဇန်နဝါရီ၊ ၂၀၁၇။*


mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မယ်လွင့်အတွက် မမှာချင်လို့ ရေးတဲ့စာ

မယ်လွင့်ရဲ့ 'ရှိဆယ်လာ' ဟာ ပထမအကြိမ် ထုတ်ဝေကတည်းက အရောင်းရဆုံး စာရင်းဝင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဝမ်းသာရပါတယ်။ 'ရှိဆယ်လာ' ဟာ မယ်လွင့်ရဲ့ ဂုဏ်ယူဖွယ် ထုတ်ကုန် တခုပါပဲ။

စာမျက်နှာ ၉၀ ဝန်းကျင်ခန့် ပါတဲ့ ဝတ္ထုလတ်တပုဒ် ဖြစ်ပါတယ်။ လှပညက်ညောတဲ့ အက်ဆေးတပုဒ် ဆိုရင်လည်း ဟုတ်ပါတယ်။ 'ရှိဆယ်လာ' ကို ကျွန်တော်ကတော့ သံပရာသီး ညှစ်ထားတဲ့ ဗော့ဒ်ကာတခွက်နဲ့ တူတယ်လို့ မြင်ပါတယ်။ ပြင်းတယ်။ ခံတွင်းရှင်းတယ်။ မူးလည်း မူးတယ်။ ပျစ်ချွဲအီဆိမ့်နေတာမျိုး မဟုတ်လို့ ကျေးဇူးတင်ရပါတယ်။ ခဏခဏလည်း ပြန်ဖတ်ဖြစ်သလို ဖတ်ပြီးတိုင်းလည်း အော်ဆဲမိပါတယ်။

ဝေလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK


မြတ်နိုးရပါသော အယုတ်တမာမ...
ကြင်နာရပါသော အကောင်းဆိုးဝါးမ...
စွဲလမ်းတပ်မက်ရပါသော မြွေဟောက်မ ရှိဆယ်လာဟာ သင့်ကို နာကျင်မုန်းတီးစရာတွေပဲ ပေးမှာ ဖြစ်ပါတယ်။
အလိုမကျ ပေါက်ကွဲမှုတွေပဲ ပေးမှာ ဖြစ်ပါတယ်။
ဝမ်းနည်းဖွယ် ဆုံးရှုံးမှုတွေကိုပဲ ပေးမှာ ဖြစ်ပါတယ်။
ဘယ်တော့မှ ပြန်ဖမ်းလို့ မမိတော့တဲ့ စိတ္တဇလိပ်ပြာတွေကိုပဲ သင် ရရှိမှာ ဖြစ်ပါတယ်။
လွတ်သွားတဲ့ ရထားတစင်းကိုပဲ အကြိမ်ကြိမ် လက်မှတ်ဖြတ်မိစေမှာပဲ ဖြစ်ပါတယ်။
ဖြူစင်အေးမြတဲ့ ချစ်ခြင်းမေတ္တာကို ရှာဖွေတဲ့ မျက်လုံးတိုင်းကို ရှိဆယ်လာက ဆားနဲ့ပက်ပြီး ပါးကို ပိတ်ရိုက်ပြီး ချစ်ခြင်းရဲ့ အခြားသော မျက်နှာတခုကို ဝံပုလွေတကောင် အစွယ်ဖြဲပြသလို သင့်ကို ပြသမှာ ဖြစ်ပါတယ်။
ထို့အတူ သင် ရှိဆယ်လာဆိုတဲ့ မြွေဟောက်မကိုလည်း မြတ်မြတ်နိုးနိုး ချစ်မိစေမှာ ဖြစ်ပါတယ်။
နာကျင်မှုကို စွဲလမ်းတဲ့ pain pleasure သင် ရရှိပါလိမ့်မယ်။
Happy ending တွေကို မယုံကြည်တဲ့ ကျွန်တော်ကတော့ ကြိုက်ပါတယ်။ ဒီလောက်ပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း အချစ်ဆိုတာ ပျော်စရာ မဟုတ်ကြောင်း ယုံကြည်ဖို့ လုံလောက်ခဲ့ပြီလေ။

***စစ်ငြိမ်း***


mgyoe.com

ယခင်ထုတ်ဝေခဲ့သော မျက်နှာဖုံးများကို အမှတ်တရ ပြန်လည်ဖော်ပြလိုက်ပါသည်။




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# စွဲမက်ရပါသော ရိုဆယ်လာ

mgyoe.com

mgyoe.com SAMPLE BOOK

"နင် ဆေးလိပ်တွေ သောက်နေတာလား"

ကျွန်တော် အဲဒီလိုပြောတော့ သူ ခေါင်းညိတ်ပြတယ်။ သူ့ မျက်နှာ ပြည့်ပြည့်ပေါ်မှာ သူ့နှုတ်ခမ်းဆိုးဆေး အနီရင့်ရောင်က ထင်လင်း ဖူးကြွနေတယ်။ အနီ ဆိုပေမယ့် အနီစစ်စစ် မဟုတ်ဘူး ဆိုတာက လွဲရင် ဘယ်လို ခေါ်ရမယ့် အရောင်မှန်း ကျွန်တော် မသိပါ ဘူး။ သူ ပြောဖူးတဲ့ ဘာမြို့နာမည်နဲ့ ခွဲခြားတယ် ဆိုလား၊ အင်္ဂလိပ်စာလုံး သုံးလုံးကို brand နာမည်ပေးထားတဲ့ အဲဒီနှုတ်ခမ်းနီကို ဆိုထားတဲ့ သူ့နှုတ်ခမ်းတွေက ရဲရင့်ဖူးကြွနေတယ် ဆိုတာကိုပဲ ကျွန်တော် သိတယ်။

အဲဒီ နှုတ်ခမ်းလွှာကြားမှာ Mild Seven Menthol စီးကရက်ဖြူဖြူက တွဲလဲခိုချိတ်လို့... သူ စားပွဲဆီကို မျက်လုံးဝေ့ ကြည့်ရင်း တခုခုကို ရှာဟန်ပြင်တော့ ကျွန်တော် အလိုက်တသိနဲ့ ဘောင်းဘီအိတ်ထဲက မီးခြစ်ကို အမြန်ထုတ်ပြီး မီးတောက်ကလေးကို



mgyoe.com

mgyoe.com SAMPLE BOOK


သူ့ရှေ့ အရောက်ပို့ပေးလိုက်တယ်။ နှုတ်ခမ်းရဲရဲကို အပေါ်နှုတ်ခမ်းကလေး တဖက်တည်း ကွန့်ချိုးပြီး ဖန်တီးလိုက်တဲ့ အပြုံးဟာ မျက်စိအမြင်ကနေ ကျွန်တော့်ရင်ဘတ်ထဲကို ဖောက်ပြီး ဝင်ရောက်သွားတဲ့အခါ ကျေးဇူးလို့ ဘာသာပြန်ထားတဲ့ စကားလုံးတွေ ဖြစ်သွားတယ်။

သူက သူ့နှုတ်ခမ်း ရဲရဲရင့်ရင့်တွေကို စု၊ မျက်လုံးကို မှိတ်၊ မျက်နှာကို မော့ပြီး အငွေ့တွေကို အားပါးတရ ရှိုက်သွင်းတယ်။ ခပ်မှိန်မှိန် အဝါရောင်မီး လဲ့လဲ့လင်းနေတဲ့ အခန်းထဲမှာ သူဟာ နတ်ဆိုးမတကောင်နဲ့ တူတယ်။ အနက်ရောင် လက်ပြတ်အင်္ကျီကို ဝတ်ထားလို့ သူ့ဆံပင် အနက်ရောင်တွေဟာ သူ့ပခုံးမှာ ဖွာရရာကြဲပြီး အရိုင်းဆန်ဆန် လွတ်လွတ်လပ်လပ် ပြန့်ကျဲလို့။ မလင်းတလင်း မီးရောင်အပြင် စီးကရက် အငွေ့တွေကြောင့် သူ့မျက်နှာ ကောက်ကြောင်းဟာ ဝါရွှေမှုန်ဝါး၊ မှိတ်ထားတဲ့ မျက်ဝန်းတွေရဲ့ မျက်တောင်အရိပ်ဟာ သူ့ပါးပေါ်မှာ ခပ်ရှုပ်ရှုပ် အရိပ်ကလေးတွေအဖြစ် ထင်နေတယ်။

သူ့မျက်လုံးတွေ ပွင့်လာပြီး ကျွန်တော့်ဘက်ကို ငဲ့ကြည့်တယ်။ ကျွန်တော့် မျက်လုံးတွေဆီကို ခေါင်းငဲ့ စိုက်ကြည့်လာတဲ့ သူ့အကြည့်မှာ တစက္ကန့်လောက်တော့ ဘာအဓိပ္ပာယ်မှ မပါဘူး။ ကြည့်နေရင်းနဲ့မှ မျက်ခုံးတဖက်ကို ပင့်ပြတယ်။ ကျွန်တော်က ပြုံးရင်း ခေါင်းခါပြတော့ သူက မျက်လုံးတွေ လွှဲသွားပြီး နှုတ်ခမ်းရဲရဲကြားက သွားကလေးတွေ ပေါ်လာတဲ့အထိ ပြုံးတယ်။ စီးကရက်ကို ခပ်ပြင်းပြင်း တချက် ထပ်ရှိုက်ပြီး ပြာခံခွက်ထဲ ထိုးချေပစ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်မျက်နှာရှေ့တည့်တည့်ကနေ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်ရင်း စီးကရက် မီးခိုးတွေကို ကျွန်တော့်မျက်နှာဆီကို ဖြည်းဖြည်းချင်း


mgyoe.com

mgyoe.com
SAMPLE BOOK


မှုတ်ထုတ်တယ်။

အရိုင်းဆန်ဆန် ဖွာရရာ ကြဲနေတဲ့ အနက်ရောင် ဆံပင်တွေနဲ့ ဘောင်ခတ်ထားတဲ့ အဲဒီမျက်နှာပေါ်က အိုပုံစံ စုထားတဲ့ ရဲရဲရင့်ရင့် နှုတ်ခမ်း အပိုင်းကလေးဟာ ကျွန်တော့်စိတ်ကို လောင်မြိုက်စေတယ်။ သူ့ပခုံးကို ဆတ်ခနဲ လှမ်းဆွဲပြီး မျက်နှာချင်း ကပ်လိုက်တော့ သူ့ဆီက ရယ်သံသဲ့သဲ့ ကြားရတယ်။ Menthol ရနံ့နဲ့ နှုတ်ခမ်းရဲရဲလေးဟာ စိုစွတ်ပူနွေးလို့။ ကျွန်တော် မျက်လုံးတွေကို မှိတ်ထားလိုက်မိတယ်။

❑❑❑


mgyoe.com

mgyoe.com SAMPLE BOOK

ယစ်မူး တပ်မက်ရပါသော ရိုဆယ်လာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိဆယ်လာဟာ ကျွန်တော် စိတ်လွတ်ကိုယ်လွတ် ရယ်မောပစ်ဖို့၊ လူပီသစွာ အတွေ့ရှိဖို့၊ မိုက်ရူးရဲဆန်ဖို့၊ စည်းမျဉ်းတွေကနေ ချိုးဖျက်ဖောက်ထွက်ဖို့ လုပ်နိုင်တဲ့ ကမ္ဘာပေါ်က တဦးတည်းသောသူပဲ။ ကျွန်တော်ဟာ သူနဲ့ တွေ့တိုင်း ဟန်မဆောင်နိုင်တဲ့ သူ၊ မထိန်းချုပ်နိုင်တဲ့ သူ ဖြစ်သွားလေ့ ရှိတယ်။ သူဟာ အပြုံးတွေနဲ့တင် ကျွန်တော့်ကို အရူးလုပ်နိုင်တယ်။ ရှိဆယ်လာဟာ ကျွန်တော့်ရှေ့ ရောက်တိုင်း ဟန်ဆောင်တာ မရှိဘူး။ ကျွန်တော်က သူ့ကို ကောင်းနိုးရာရာတွေကို ညွှန်ပြီး ပြောပြတိုင်း စီးကရက် ဖွာရင်း ငြိမ်သက် နားထောင်နေတတ်တယ်။ ဒါပေမဲ့ လိုက်နာဖို့ ဘယ်တုန်းကမှ နားထောင်တာ မဟုတ်ခဲ့ဘူး။

သူက ပြန်ပြောတယ်။

"နင် ပြောတဲ့ ကိစ္စမျိုးတွေ ငါ မသိတာ မဟုတ်ဘူး ဆိုတာ နင်သိပါတယ်။ ငါ လုပ်ချင်တာ၊ ငါ ဖြစ်ချင်တာ၊ ငါ့ဆန္ဒ၊ ငါ့ဘဝ၊ ငါ့ဘာငါ



mgyoe.com

mgyoe.com
SAMPLE BOOK


ဖန်တီးနေမှာပဲ။ ဘယ်သူ့ထိန်းကျောင်းမှုမှ တကူးတက မလိုဘဲ အခု အရွယ်အထိ နေလာတဲ့ဥစ္စာ။ ငါ့ကို နင့်စကားတွေကို အလေးမထားဘူးလို့ မပြောနဲ့။ ဘယ်သူ့ စကားကိုမှ အလေးမထားလို့ အထူးအဆန်းတွေ မလုပ်စမ်းပါနဲ့" တဲ့။

ဒီလိုတွေ သူ ပြောလို့ ကျွန်တော့်စိတ်ထဲ ကသိကအောက်ဖြစ်သွားလိမ့်မယ် ဆိုတာမျိုးကို သူ နည်းနည်းမှ ထည့်တွက်ပြီး တွေးပုံမရဘူး။ ကျွန်တော်က "ဒါဆို ငါ ပြောတာကို ဘာလို့ အစအဆုံး နားထောင်လဲ။ လုပ်ချင်တာ လုပ်မယ့်အတူတူ သေသေချာချာ ဘာဖြစ်လို့ နားထောင်နေခဲ့သေးလဲ" လို့ စိတ်ဆိုး မာန်ဆိုး ပြောတဲ့အခါ ကျွန်တော့် နှာခေါင်းကို ဆွဲညှစ်ပြီး ပြုံးရင်း "နင့်အသံကို နားထောင်နေချင်လို့ ပေါ့ဟ" လို့ ပြောတယ်။

ဒီလိုနဲ့ ကျွန်တော့်ရဲ့ ဒေါသတွေဟာ သူ့အပြုံးအောက်မှာ နေရောင်ခြည် ရောက်လာတဲ့အခါ ပျောက်သွားရတဲ့ နှင်းတွေလို တစစီ ကွယ်ပျောက်ရတော့တာပါပဲ။

❑


mgyoe.com

mgyoe.com SAMPLE BOOK

သူနဲ့အတူ ရှိနေဖြစ်တဲ့ အချိန်တချို့မှာ ရီဆယ်လာဟာ ကျွန်တော်နဲ့အတူ ကလေးတယောက်လို အမျိုးမျိုး ဆော့ကစားတတ်တယ်။ သူဟာ ကျွန်တော့် ကျောဘက်မှာ မှောက်လျက်အိပ်ရင်း ထိုင်နေတဲ့ ကျွန်တော့်ခါးကို တွယ်ဖက်ပြီး လက်သည်းရှည် မရှိတဲ့ လက်ချောင်းကလေးတွေက ကျွန်တော့်ဗိုက်သားနဲ့ ခါးပတ်လည်ကို တရွရွ လျှောက်သွားရင်း ကျွန်တော့်ကို အသည်းယားအောင် လုပ်တတ်တယ်။ 'ယားတယ်ကွ' လို့ အော်ရင်း သူ့လက်ကလေးတွေကို ဖမ်းချုပ်ပေမယ့် ကျွန်တော့် လက်ချောင်းတွေ ကြားကနေ မြွေကလေးတွေလို တွန့်လိမ် လွတ်ထွက်သွားတာချည်းပဲ။ ရွစိ ရွစိနဲ့ အသည်းယားစရာ လက်ချောင်းကလေးတွေရဲ့ ဒဏ်ကို တကိုယ်လုံး တင်းတောင့်နေအောင် အံကြိတ်ခံထားလည်း တချက်လောက် လွတ်ထွက်မိတဲ့ခဏ မထိန်းနိုင်အောင် ကျွန်တော် တွန့်သွားတာကို သဘောတကျနဲ့



mgyoe.com

mgyoe.com
SAMPLE BOOK


တဟားဟား အော်ရယ်တတ်တယ်။

လက်ချင်းချိတ်ပြီး လက်မ လိုက်ဖမ်းတမ်း ဆော့ဖို့ အတင်းပူဆာတယ်။ လက်သည်း ညှပ်ပေးဖို့ ဂျီတိုက်တယ်။ ကျွန်တော် COC ဆော့တဲ့အခါ War တိုက်နေတုန်း Home Button ကို နှိပ်ပစ်တတ်တယ်။ လက်မောင်းတွေကြားထဲ တိုးဝင်ပြီး ပုံပြင်တွေ ပြောပြခိုင်းတယ်။ အဲဒီအချိန်ကျရင် ကျွန်တော့်လက်မောင်းမှာ ခေါင်းအုံးပြီး ကျွန်တော့်မျက်နှာကို ငေးရင်း ပုံပြင်နားထောင်တဲ့ သူ့မျက်နှာကလေးဟာ ပကတိ ကလေးလေးလို ကြည်စင်နေတတ်တယ်။ ကျွန်တော်က ငုံ့ပြီး သူ့နဖူးကို နမ်းတဲ့အခါ သူ ခေါင်းအုံးထားတဲ့ ကျွန်တော့်လက်မောင်း အရင်းကို သွားစွယ်နဲ့ ဖွဖွကလေး ကိုက်တတ်တယ်။ "ဟာ... ခွေးစုတ်မလေး၊ သွားယားနေတယ်၊ ကြည့်စမ်း" လို့ ပြောလိုက်ရင် ဒိန်းခနဲ မျက်စောင်းပစ်ထိုး၊ သူ့ကို ဖက်ထားတဲ့ လက်ဖျံကို ဆွဲယူပြီး သွားရာ အကွင်းလိုက်ထင်အောင်လည်း ကိုက်တတ်သေးတယ်။

တခါတလေကျ သူဟာ စိတ်မကြည်မလင်နဲ့ ကျွန်တော့်ဆီရောက်လာလေ့ ရှိတယ်။ အိမ်ထဲ ဝင်တာနဲ့ ဒေါက်ဖိနပ်ကို ပစ်ကန်ချွတ်၊ ကိုင်လာတဲ့ ပိုက်ဆံအိတ်၊ သော့၊ အပေါ်ဝတ်အင်္ကျီ စတာတွေကို အကုန်ကြမ်းပြင်ပေါ် ပစ်ချ၊ မီးဖိုခန်းထဲ တန်းဝင်ပြီး ရေခဲသေတ္တာကို ဖွင့်၊ ဘီယာပုလင်း အဖုံးကို သွားနဲ့ ကိုက်ဖွင့်ပြီး တရှိန်ထိုး မော့ချပစ်တတ်တယ်။ ပြီးရင် ဘီယာပုလင်း ဆွဲပြီး ကျွန်တော့်အခန်းထဲ ဝင်မယ်။ ကျွန်တော့်ဗီရိုကို ဖွင့်ပြီး တီရှပ်တထည်ထည်ကို ဆွဲချမယ်။ သူ့အဝတ်အစားတွေကို ချွတ်ပုံချပြီး သူနဲ့ရှည်လို့ ဂါဝန်အတိုလို ဖြစ်နေတဲ့ ကျွန်တော့်တီရှပ်ကို စွပ်မယ်။ ဖားလျား ချထားတတ်တဲ့ ဆံပင်တွေကို သိမ်းကျုံးစုဆွဲပြီး အဆင်သင့်တွေ့တဲ့ ဘောလ်ပင်လို၊ ခဲတံလို၊ ထမင်းစား


mgyoe.com

mgyoe.com
SAMPLE BOOK


တူလိုဟာမျိုးတွေနဲ့ ထိပ်ပေါ်တင် ထုံးမယ်။ ပြီးရင် ဧည့်ခန်းက ကုလားထိုင်မှာ တင်ပျဉ်ခွေ ထိုင်ချပြီး "ဟဲ့... နင်သိလား" ရယ်လို့ အစချီပြီး သူပြဿနာတွေကို တဖျစ်တောက်တောက် ပြောမယ်။

ကျွန်တော်က စိတ်လျှော့ဖို့ ပြောရင် 'တိတ်စမ်း'ကနေ အစချီပြီး ပေါက်ကရ ဘာတွေမှန်း မသိတဲ့ ကိစ္စတွေ ဆွဲထည့်ပြီး နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ကျွန်တော့်ကို ကက်ကက်လန်အောင် ရန်တွေ့တော့တာပါပဲ။ တီရှပ်အပွ တိုနန့်နန့်နဲ့ ဆံပင်ကို ထိပ်မှာ တုတ်နဲ့ထိုးပြီး ရန်ထောင်နေတဲ့ သူ့ကို ကြည့်ရတာ တကယ့်ကို ရယ်စရာ။ သူ ဘာတွေပြောပြော သူ့အကျင့်ကို သိနေတဲ့ ကျွန်တော်က ဒေါသထွက်စရာတွေလုပ်နေတယ်လို့ကို မမြင်မိဘူး။ သူ ပြောသမျှ ကိုယ့်မကောင်းကွက်တွေဟာလည်း ကိုယ် တခါမှ မလုပ်ဖူးတာတွေ၊ မကြားဖူးတာတွေမို့ ဂရုစိုက် နားထောင်မနေပါဘူး။ သိပ်အသည်းယားလာရင်တော့ စွာလန်နေတဲ့ မျက်နှာကို ရင်ခွင်ထဲ အတင်းဖက်ထားလိုက်တယ်။ ခြေကားရားလက်ကားရားနဲ့ ရုန်းကန်ရင်း ခဏနေတော့ ငြိမ်ကျသွားတတ်တာပါပဲ။ အဲဒီအခါကျရင် ကျွန်တော် ဘာလုပ်လုပ် ငြိမ်သက် နာခံနေတတ်တယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ဝန်ခံပါတယ်။ ကျွန်တော်ဟာ ရီဆယ်လာ့ကို ချစ်တဲ့ အပေါ်မှာ လိင်မှုရေးရာ သာယာမှုကို ဖယ်မထုတ်ပစ်နိုင်ပါဘူး။ ကျွန်တော် သူ့ကို ချစ်သလို သူ့ခန္ဓာကိုယ်ကိုလည်း တပ်မက်မိပြန်တယ်။ ကျွန်တော်နဲ့ သူဟာ တခါတခါ အတွေ့ သိပ်စိပ်ပေမယ့် တခါတလေကျ သူ အကြာကြီး ပျောက်နေတတ်ပြန်တယ်။ အဲဒီအခါ ကျွန်တော်က “နင် ဘယ်ရောက်နေတာလဲ” လို့ မေးရင် သူက ရှုတည်တည်နဲ့ ပြန်ကြည့်တတ်တယ်။

“ငါ နင်နဲ့ အိပ်လိုက်တာနဲ့ပဲ နင်ဟာ ငါ့ကိုယ်ရေးကိုယ်တာကို တရားဝင် သိခွင့်ရှိပြီလား” ဆိုတဲ့ စကားနဲ့ ကျွန်တော့်ပါးစပ်တွေကို သော့ပိတ်သွားစေတယ်။ အခုမှ မဟုတ်ပါဘူး။ ဟိုးအရင် သူနဲ့ ကျွန်တော် ပထမဆုံး လွန်ကျူးမိတဲ့ နောက်ပိုင်းလည်း ကျွန်တော်တို့ ဆက်ဆံရေးမှာ ထူးခြား ပြောင်းလဲသွားတာမျိုး သူ့ဘက်က မရှိခဲ့ဘူး။



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော်ကသာ သူငယ်ချင်းလို၊ မောင်နှမလိုကနေ ရည်စားလို၊ လင်မယားလို၊ နောက်ဆုံး ဘုရင်မနဲ့ ကျွန်ယုံတော်လို သူနဲ့ ပတ်သက်သမျှ အရာရာကို ပါဝင်ပတ်သက်ချင်နေမိခဲ့တာပဲ။ အဲဒီအချိန်တုန်းက သူ့ကို လက်ထပ်ဖို့ မရည်ရွယ်သေးပေမယ့် သမီးရည်းစားလို ဆက်ဆံရေးမျိုး တည်ဆောက်ဖို့ ကျွန်တော် ကြိုးစားခဲ့တယ်။ "ပေါကြောင်ကြောင် အထာတွေ မလုပ်စမ်းပါနဲ့" ဆိုတဲ့ သူ့ရဲ့စကားကို နာမိပြီး သူ့ကို မပတ်သက်ဖို့ ဆုံးဖြတ်ခဲ့ဖူးတယ်။ ငါက ယောကျ်ားပဲ၊ ဘာမှ နစ်နာစရာ မရှိဘူးဆိုတဲ့ အတွေးနဲ့ ရှောင်နေခဲ့တယ်။ ဒါပေမဲ့ အဲဒီမာနတွေဟာ သူ့မျက်နှာကို ထပ်တွေ့လိုက်ရတဲ့ ခဏမှာ အလိုလို ပျောက်ကွယ်ပြီး ညို့ချက်မိနေတဲ့ သားကောင်လို သူ့အနားကိုပဲ တဝဲလည်လည်နဲ့ ပြန်ရောက်လာခဲ့ရတာချည်းပါပဲ။

□□□



mgyoe.com

mgyoe.com SAMPLE BOOK

# အိပ်မက်နှင့် တူသော ရိုဆယ်လာ

mgyoe.com

mgyoe.com SAMPLE BOOK

•

အဲဒီညက အိမ်အပြင်မှာ မိုးတွေ သဲကြီးမဲကြီး ရွာနေတယ်။ ကျွန်တော့်ဆီကို ရောက်မလာတာ ကြာနေပြီဖြစ်တဲ့ သူ့ကို သတိရရင်း မှူးမှူးနဲ့ အိပ်ပျော်သွားခဲ့တယ်။ ဒီရက်တွေမှာ ရှိဆယ်လာဟာ ကျွန်တော် ခေါ်တဲ့ ဖုန်းတွေကို လုံးဝ ပြန်မဖြေတဲ့အတွက် သူ့ကို ကျွန်တော် စိတ်ခု နေခဲ့တယ်။ အိပ်မက် မက်သလို မမက်သလိုလို၊ အိပ်သလိုလို မအိပ် သလိုလိုနဲ့ ရှိဝေဝိုးတဝါး ကျွန်တော့်စိတ်အလျှင်ကို တံခါးခေါက်သံ ကျယ်ကျယ်က လှုပ်နှိုးခဲ့ပါတယ်။ အိမ်တံခါးကို တခုခုနဲ့ ထုနှက်နေ သလို တဒုန်းဒုန်း အသံဟာ မိုးသံလေသံကို ဖောက်ပြီး ခပ်ကျယ်ကျယ် ထွက်နေတယ်။ 'ဘယ်သူလဲ' လို့ အသံပေးလိုက်တော့ ပြန်မဖြေဘူး။ ကျွန်တော် ထပ်မေးပေမယ့် တံခါးခေါက်သံရော ပြန်ဖြေသံပါ တိတ်ဆိတ်လို့ နေတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော် တံခါးဝမှာ တွေတွေဝေဝေ ရပ်နေမိတယ်။ ရှိဆယ်လာ လားလို့ တွေးလိုက်ပြီးမှ မဟုတ်နိုင်ပါဘူးလို့ ခေါင်းထဲက ဖယ်ထုတ်မိပြန်တယ်။ သူဆိုရင် ဖုန်းဆက်မှာပေ့ါ။ သူ စကားပြောချင်လာရင်သာ ဖုန်း စခေါ်တတ်ပြီး ကျွန်တော် ဖုန်းခေါ်ရင် ကိုင်ချင်မှ ကိုင်တတ်တဲ့ မိန်းမ။ အကြောင်း မကြား၊ ဘာမကြား ဖုန်းပိတ်ပြီး ရက်ပေါင်းများစွာ ပျောက်နေတဲ့ မိန်းမဟာ မိုးသည်းနေတဲ့ ညသန်းခေါင်မှာ ကျွန်တော့် အခန်းရှေ့ကို ရောက်လာမယ်လို့ တွေးမိတာဟာ ကျွန်တော် ရူးသွပ်နေတဲ့ သင်္ကေတပဲ မဟုတ်လား။ တံခါးကို ဆွဲဖွင့်ပြီး ဘယ်သူမှ ရှိမှာ မဟုတ်တဲ့ လှေကားခွင်ကို ရင်ဆိုင်လိုက်တယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အထင် မှားတယ်။ ရိုဆယ်လာဟာ အမြဲတမ်း ကျွန်တော့်ကို ရှုံးအောင် လုပ်တယ်။ သူ အဲဒီမှာ ရပ်နေတာ ဘယ်လောက် တောင် ကြာခဲ့ပြီ မဆိုနိုင်ဘူး။ လှေကားခွင် တခုလုံးဟာ ရေတွေနဲ့ ရွှဲရွှဲအိုင်နေတယ်။ သူ့ဆံပင် နက်နက်တွေဟာ ရေစိုလို့ မျက်နှာဘေးမှာ အတန်းလိုက် စင်းကျနေတယ်။ နှုတ်ခမ်းနီ တစွန်းတစ ကျန်နေသေးတဲ့ သူ့နှုတ်ခမ်းတွေဟာ ပြာနှမ်းပြီး တဆတ်ဆတ် တုန်လို့။ လက်မောင်း နှစ်ဖက်ကို တင်းတင်းပိုက်ထားပြီး လက်တဖက်မှာတော့ သူ့ဒေါက်ဖိနပ် တဖက်ကို ကိုင်ထားတယ်။ ကျွန်တော့် အိမ်တံခါးကို ဒေါက်ဖိနပ်ခွာနဲ့ ထုနေခဲ့ပုံပါပဲ။ မျှော်လင့်မထားပါဘဲ သူ့ကို ရုတ်တရက် မြင်လိုက်ရလို့ ကြောင်ပြီး ငေးကြည့်နေမိတဲ့ ကျွန်တော့်ကို တွန်းပြီး အိမ်ထဲကို ဝင်လာ တယ်။ သူ ဝတ်ထားတဲ့ အနီရောင် ကိုယ်ကျပ်အင်္ကျီ အတိုကလေးနဲ့ လက်မောင်းတဖက်ဟာ စုတ်ပြဲပြီး တွဲလဲကျနေတယ်။ မီးရောင်ထဲမှာ



mgyoe.com

mgyoe.com
SAMPLE BOOK


သေချာကြည့်မိတော့မှ သူ့နှုတ်ခမ်းမှာ နှုတ်ခမ်းနီတွေ ကျန်နေတာ မဟုတ်ဘဲ သွေးစတွေ ဆိုတာကို ကျွန်တော် မြင်ရတယ်။

ထုံးစံအတိုင်း ဒေါက်ဖိနပ်ကို ကန်ချွတ်ပစ်ချပြီး မီးဖိုဘက်ကို ထွက်သွားတယ်။ တံခါးကို အမြန်ပြန်ပိတ်ပြီး သူ့နောက်ကို လိုက်၊ သူ့ကို "ဘာဖြစ်လာတာလဲ" လို့ ကျွန်တော် မေးပေမယ့် သူက အရေးလုပ်ပြီး မဖြေဘူး။ ရေခဲသေတ္တာကို ဖွင့်ပြီး သူ ကြိုက်တတ်လို့ ကျွန်တော် ဝယ်ထည့်ထားတဲ့ Absolut Vodka ကို ပုလင်းအတိုင်း ကောက်မော့တယ်။ နှုတ်ခမ်းက သွေးစတွေကို လျှာနဲ့သပ်ပြီး သိမ်းတယ်။ "အခုမှ နွေးသွားတယ်" လို့ ပြောရင်း ပခုံးတွန့်ပြီး ပုလင်းကို ပြန်ထည့်တယ်။ သူ့ပခုံးကို ကိုင်ပြီး ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ဖို့ ခပ်ကြမ်းကြမ်း ဆွဲလှည့်လိုက်တော့ သူက အားခနဲ ထ,အော်တယ်။ ကျွန်တော် လန့်ပြီ သူ့ပခုံးကို ကြည့်လိုက်တဲ့အခါ ညိုမည်းနေတဲ့ သွေးခြည်ဥ ဒဏ်ရာကို တွေ့ရပြန်တယ်။

"ဘာဖြစ်တာလဲ၊ ဘယ်သူ လုပ်တာလဲ၊ ဘာလို့ လုပ်တာလဲ၊ ဘာနဲ့ လုပ်လိုက်တာလဲ" ဆိုတဲ့ ကျွန်တော့်ရဲ့ 'ဘ' ကုန်းပေါင်း များစွာကို သူက အရေးမလုပ်ဘူး။ "စကားများလိုက်တာဟာ နင်ကလည်း၊ ဘာရှိလဲ၊ ဗိုက်ဆာတယ်" ဆိုတဲ့ စကားနဲ့ ကျွန်တော့် မေးခွန်းတွေကို ဖြတ်တောက်လိုက်တယ်။ ရှိဆယ်လာဟာ အဲဒီလိုချည်းပဲ။

ထမင်းစား စားပွဲပေါ် တင်ပါးလွှဲ ထိုင်ပြီး သူ့အတွက် ကြက်အူချောင်းနဲ့ ဝက်သားပြားတွေ ကျွန်တော်က ကြော်ပေးနေတာကို ကြည့်နေတယ်။ "ထမင်းတော့ မရှိတော့ဘူး၊ ကော်ဖီ သောက်မလား" ဆိုတော့ Vodka ပဲတဲ့။ သူ့အကြိုက် လိမ္မော်ရည်နဲ့ စပ်ပေး၊ အိပ်ခန်းထဲက တဘက်ကို ယူပြီး ရေစိုနေဆဲ သူ့ဆံပင်တွေကို သုတ်ပေးနေလိုက်တယ်။


mgyoe.com